# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၂၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၇-၇-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာစိုးရင်၊ ကမာရွတ် မဲဆန္ဒနယ်၏ **ကမာရွတ်မြို့နယ်၊ လှည်းတန်းမီးရထား ခုံးကျော်တံတားအား လေးလမ်းသွား တံတားအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့ ဆက်သွယ်သည့် မော်တော်ကားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြသိန်း၊ မုဒုံ မဲဆန္ဒနယ်၏ **မုဒုံမြို့ပေါ်တွင်ရှိသော ဝင်းကဖို့ ရပ်ကွက်တွင် ကြက်မွေးထားသော အိမ်(၃)အိမ်ကို ရပ်ကွက်နှင့် ဝေးသော နေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်း စက်မှုဇုန် တည်ဆောက်မည့်ကိစ္စနှင့် ပတ်သက်၍ မည်သည့် အစီအစဉ်များထားရှိသည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်၏ **မြဝတီမြို့ ချစ်ကြည်ရေးတံတားထိပ် ယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းရန်နှင့် ခရီးသည်နှင့် ကုန်များ စနစ်တကျ အတင်အချပြုလုပ်နိုင်မည့် ယာဉ်ရပ်နားကွင်း အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ **၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် မြို့နယ်တစ်ခုလျှင် ကျပ် သိန်း(၁၀၀၀) ခွင့်ပြုခြင်းနှင့် ပတ်သက်၍ ကျေးရွာသားများနှင့် ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များကိုယ်တိုင် လုပ်ဆောင်သော လုပ်ငန်းများ အတွက် ပင်ရင်းမှ ဖြတ်တောက်ပေးသွင်းရမည့်အခွန် (With Holding Tax) ပေးဆောင်ရန် လို၊ မလိုကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ **လောက်ကိုင်မြို့နယ် မြန်မာ့ စီးပွားရေးဘဏ်ခွဲအား ခရိုင်အဆင့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိသော အဆောက်အအုံတစ်ခု ဆောက်လုပ်မည့် အစီအစဉ်များကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဝင်းကို၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ် မြန်မာ့စီးပွားရေး ဘဏ်ခွဲအတွက် မြေနေရာနှင့် အဆောက်အအုံရရှိရေး စီစဉ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်က **“ နိုင်ငံတော်အတွင်း ကြေးနီမိုင်းတူး၍ ဖြစ်ပေါ်လာသော ကျင်းရိုင့်ကြီးများ၏ အန္တရာယ်ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်က တင်သွင်းသော **“ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။